**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ကြေညာချက်(၁/၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများ၏ လည်ပတ်လုပ်ကိုင်ဆောင်ရွက်မှု လွယ်ကူချောမွေ့စေရေး၊ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးအတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းမှုမြှင့်တင်၍ ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားပါမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်လျှက်ရှိပြီး ကော်မရှင် ပြန်လည်ဖွဲ့စည်းပြီးသည့်အခါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအတွက် ခွင့်ပြုမိန့်/ အတည်ပြုမိန့်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့် ရရှိပြီးသည့် လုပ်ငန်းများသို့ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများထံမှ လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့်ခွင့်ပြုမိန့်၊ လိုင်စင် စသည်တို့ ဆောလျင်စွာ ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းများလည်ပတ်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ အဆင်မပြေမှုများ ပေါ်ပေါက်လာပါက ချက်ချင်းတုန့်ပြန်ဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ကာ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းပြီးသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကို ဆောလျင်စွာ ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်မတီများကလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ အာဆီယံ (ASEAN)၊ မဟာမဲခေါင်ဒေသခွဲ (GMS) အပါအဝင် ဒေသတွင်းနှင့် ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် သဘောတူညီချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။